**ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ (၃၁. ၁၀. ၂၀၁၁) ရက်နေ့တွင် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** ။ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ **" မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ်ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူး ကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန်ရှိနေပါကြောင်း "** အဆိုအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။

မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းမိုးကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)** ။ ကျွန်တော်တင်သွင်းမဲ့ဒုတိယ အဆိုကတော့ **" မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူးကျေးရွာတွင် တည်ဆောက်ရန်အဖွဲ့အစုများ ဆောင်ရွက်ရန်ရှိနေပါကြောင်း"** အဆိုကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမည့်သူ ရှိပါက ဆက်လက်ဆောင်ရွက်ပါမည်။

**ထောက်ခံဆွေးနွေးတင်ပြသူ။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်တင်သွင်းသော **" မဟာဓါတ်အားလိုင်းမရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ်ဆောင်ရွက်သင့်ပါသည်။ ပြည်နယ် အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူးကျေးရွာတွင် တည်ဆောက်ရန်အဖွဲ့အစုများ ဆောင်ရွက်ရန်ရှိနေပါကြောင်း"**အဆိုကို ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းမိုးကြည် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးစိုင်းမိုးကြည်၏ **"မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း "** အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့်လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** ။" အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား "
**[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ သဘောမတူသည့် ကိုယ်စားလှယ်မရှိပါ။]**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းမိုးကြည်ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ အဆိုကို (၂-၁၁-၂၀၁၁)ရက် (ဗုဒ္ဓဟူးနေ့) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ (၂. ၁၁. ၂၀၁၁)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းမိုးကြည်ကအဆိုတင်သွင်းသော "မဟာဓာတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြု နိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း ၊ ပြည်နယ်အစိုးရက မဆောင်ရွက် နိုင်ပါက ပြည်နယ်အတွင်းရှိတိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့် ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန်ရှိနေပါကြောင်း" အဆိုကို ဆွေးနွေးရန် မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဝင်းမြတ်ဦးက ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ မင်္ဂလာပါ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦးဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်မှ တင်သွင်းသော "မဟာဓာတ်အား လိုင်းမရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ် ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း ၊ ပြည်နယ်အစိုးရက မဆောင်ရွက်နိုင်ပါက ပည်နယ်အတွင်းရှိတိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့ နယ် နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန်အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း" အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လျှပ်စစ်မီးဟာ လူနေမှုဘဝဖွံ့ဖြိုး တိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ အသိပညာများ ရရှိနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်နေသော အရာတစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်နယ်မှာ လျှပ်စစ်ဓါတ်အားမရှိသော မြို့နယ်ပေါင်းမြောက်များစွာ ရှိနေပါတယ်။ မဟာဓါတ်အားလိုင်း ဝင်ရောက်ရန် အစီအစဉ် မရှိသေးသော မြို့နယ်ကို ပြည်နယ်ရံပုံငွေဖြင့် ပြည်နယ်ပိုင် ရေအားလျှပ်စစ်များ လုပ်ကိုင်ဆောင်ရွက်ပေးသင့်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- တကယ်လို့ ပြည်နယ်အစိုးရမှ ပြည်နယ်ပိုင်ရေအား လျှပ်စစ်လုပ်ကိုင်နိုင်ခြင်း မရှိပါက ပုဂ္ဂလိကအဖွဲ့များကို လုပ်ကိုင်ပိုင်ခွင့်ပြုသင့် ပါတယ်။ ထိုသို့လုပ်ကိုင်ခွင့်ပြုရာမှာ သဘာဝပတ်ဝန်းကျင်နှင့် မထိခိုက်သော ရေဝင်ရေလွှဲလုပ်ငန်းများနှင့် မထိခိုက်သော နေရာများတွင် သင့်တင့်မျှတသော ပြည်နယ်ရံပုံငွေကို ပေးဆောင်စေ၍ လုပ်ကိုင်ခွင့်ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဌ။**　　။အဆိုကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးပေးရန် ဖြစ်ပါတယ်။ **ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီး။**　　လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ဝန်ကြီး ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်က အဆိုတင်သွင်းသော "မဟာဓာတ်အား လိုင်းမရှိသောနေရာတွင် ရေအား အသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း ၊ ပြည်နယ်အစိုးရက မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့ လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများဆောင်ရွက်ရန် ရှိနေပါကြောင်း" အဆိုကို ပြန်လည်ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

(၁)　မဟာဓာတ်အားလိုင်းမရှိသောနေရာတွင် လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရံပုံငွေမရှိသေးပါသဖြင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ ၊ အစုအဖွဲ့လိုက်ဖြစ်စေ ၊ ပုဂ္ဂလိကရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၏ စီစစ်ထောက်ခံချက်များဖြင့် အမှုတွဲ အပြည့်အစုံကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်နိုင်ပါသည်။

(၂)　အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပုဂ္ဂလိကရေအား လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်း တစ်နှစ်ခွင့်ပြုပေးပြီး လုပ်ကိုင်ခွင့်သက်တမ်း ဆက်လက် တိုးမြှင့်ရန် လျှောက်ထားရာတွင် သက်တမ်းမကုန်ဆုံးမီ ၂ လ ကြိုတင်၍ အမှုတွဲအပြည့်အစုံဖြင့် ပြန်လည်တင်ပြလျှောက်ထားရပါတယ် ။ဦးစိုင်းမိုးကြည်ရဲ့ အဆိုကို ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဌ။**　　။မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည် တင်သွင်းသောအဆိုကို လွှတ်တော်တွင် **အတည်ပြုချက်ရယူနိုင်ရန်** လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားမှာဖြစ်ပါတယ်။ အဆိုမှာ-"မဟာဓာတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း၊ ပြည်နယ်အစိုးရက မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက် ဖြစ်စေခွင့်ပြုသင့် ပါကြောင်း၊ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် (တစ်နေရာ)နှင့် မိုင်းတုံမြို့နယ် နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန်ရှိနေပါကြောင်း" ဖြစ်ပါတယ်။အဆိုကို **အတည်ပြုရန်** လွှတ်တော်က **သဘောတူပါသလားခင်ဗျား**

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဌ ။**　　။ လွှတ်တော်က သဘောတူတဲ့အတွက် -
"မဟာဓာတ်အားလိုင်းမရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း၊ ပြည်နယ်အစိုးရက မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ခွင့်ပြုသင့်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့နယ်တွင် (တစ်နေရာ)နှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန်အဖွဲ့အစုများ ဆောင်ရွက်ရန်ရှိနေပါကြောင်း" အဆိုကို ရှမ်းပြည်နယ်လွှတ်တော်က **အတည်ပြုကြောင်း**ကြေညာပါတယ်။

**[ ဩဘာသံများ ]**